## ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံး၊ တိုကျိုမြို့
## သံအမတ်ကြီး၏ နှစ်သစ်ကူးနှုတ်ခွန်းဆက် သဝဏ်လွှာ

၁။ နှစ်သစ်ကူးအခါသမယတွင် နှစ်သစ်မင်္ဂလာပြုခြင်းသည် နှစ်ဟောင်းမှမကောင်းမှု မှန်သမျှကို နှစ်ဟောင်းနှင့်အတူ စွန့်ပယ်ခဲ့ပြီး ရောက်ရှိလာသည့်နှစ်သစ်ကို မွန်မြတ်သော စိတ်ထားဖြင့် ရွှင်လန်းဝမ်းမြောက်စွာ ကြိုဆိုခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့် ကုန်လွန်ခဲ့သော နှစ်ဟောင်းအတွေ့အကြုံများမှ အားနည်းချက်များ၊ အားသာချက်များကို ပြန်လည်ဆန်းစစ်သုံးသပ်ပြီး နှစ်သစ်အခါသမယတွင် မြန်မာသံရုံး၊ တိုကျိုမြို့မှ ဝန်ထမ်းများအားလုံးသည် စိတ်သစ်၊ အားမာန်သစ်များနှင့်အတူ နိုင်ငံတော်နှင့် ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြမည်ဖြစ်ပါသည်။

၂။ မွန်မြတ်သော ရိုးရာယဉ်ကျေးမှု အစဉ်အလာသည် ချစ်မြတ်နိုးဖွယ်ရာဂုဏ်ဒြပ်ကို ထင်ဟပ်ပေါ်လွင်စေသကဲ့သို့ မိမိတို့ချစ်မြတ်နိုးသော ကိုယ်ပိုင်ယဉ်ကျေးမှု အစဉ်အလာကောင်းများကို စောင့်ရှောက်ဖော်ထုတ်မြှင့်တင်ခြင်း၊ အမျိုးသားယဉ်ကျေးမှု ဓလေ့ထုံးစံများကို ထိန်းသိမ်းစောင့်ရှောက် ကာကွယ်ဖော်ထုတ်ခြင်းတို့ပြုလုပ်ကြသည်မှာ ကောင်းမြတ်သော အစဉ်အလာကောင်းများဖြစ်ကြပါသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသည် မည်သည့်နေရာဒေသသို့ ရောက်ရှိနေသည်ဖြစ်စေ ရိုးရာယဉ်ကျေးမှုများကို အမြတ်တနိုးတန်ဖိုးထား ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် မြန်မာ့ယဉ်ကျေးမှုကို ကမ္ဘာ့နိုင်ငံများမှ လေးစားအသိအမှတ်ပြုလာခဲ့ကြသည်။ သို့ပါ၍ ရိုးရာယဉ်ကျေးမှုကို ဆက်လက်ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ကမ္ဘာတည်သရွေ့ မြန်မာတည်တံ့စေရန် ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။

၃။ ယခုအခါ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်စုံတိုးတက်မှုများနှင့်အတူ နှစ်သစ်အခါသမယတွင် ရရှိထားပြီးဖြစ်သော ငြိမ်ချမ်းမှု၊ သာယာဝပြောမှု၊ စည်းလုံးညီညွတ်မှု၊ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းလျက် ရေရှည်တည်တံ့ခိုင်မြဲ၍ စဉ်ဆက်မပြတ် တိုးတက်ဖြစ်ထွန်းရေးအတွက် နိုင်ငံ့ဝန်ထမ်းအားလုံးမှ ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်ရမည်ဖြစ်သကဲ့သို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ထမ်းအားလုံးက စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်သွားပါရန် တိုက်တွန်းအပ်ပါသည်။

၄။ မြန်မာသံရုံး၊ တိုကျိုမြို့အနေဖြင့် မြန်မာ-ဂျပန် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မြဲစေရန်အတွက် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ဂျပန်နိုင်ငံရောက် မြန်မာနိုင်ငံသားများ၏ အကျိုးစီးပွားကို ဥပဒေဘောင်အတွင်းမှ ကာကွယ်ကူညီစောင့်ရှောက်နိုင်ရန် ဆောင်ရွက်လျက်ရှိပြီး နှစ်သစ်တွင်လည်း ဆထက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်လိုသည်မှာ သံရုံး၏ဆန္ဒမွန်ပင် ဖြစ်ပါသည်။

ထို့သို့ဆောင်ရွက်ရာတွင် သံရုံး၏ ဆောင်ရွက်မှုနှင့်အတူ မြန်မာပြည်သူများ၏ နားလည်မှု၊ ပူးပေါင်းပါဝင်ဆောင်ရွက်မှုတို့မှာ မလွဲဧကန်လိုအပ်ပါသည်။

၅။ မြန်မာသံရုံး ဝန်ထမ်းများအနေဖြင့် နှစ်သစ်အခါသမယတွင် မေတ္တာ၊ ဂရုဏာ၊ မုဒိတာ၊ သဒ္ဒါ၊ ပညာဟူသော မြင့်မြတ်သည့်စိတ်ထားများမွေးမြူ၍ ပြည်သူလူထု၏ လူနေမှုဘဝအဆင့်အတန်း တိုးတက်မြင့်မားရေးတို့ကို ထာဝရနှလုံးသွင်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။ မြန်မာနိုင်ငံသူ၊ နိုင်ငံသားအပေါင်း ဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

**သံအမတ်ကြီး ဦးသူရိန်သန့်ဇင်**
**မြန်မာသံရုံး၊ တိုကျိုမြို့**
**နှစ်သစ်ကူးနှုတ်ခွန်းဆက်သဝဏ်လွှာ**
**၁၃၇၇ ခုနှစ် တန်ခူးလဆန်း ၇ ရက်**
**၂၀၁၆ ခုနှစ် ဧပြီလ ၁၄ ရက်၊ ကြာသပတေးနေ့**